1/1/82

# အဖွဲ့အစည်းကုန်ပစ္စည်းစည်းမျဉ်းများ(ဂ)

## Institute Cargo Clauses(C)

**အာမခံထားသည့်အန္တရာယ်များ**

၁။ ဤအာမခံသည်အောက်ပါစည်းမျဉ်း ၄၊ ၅၊ ၆ နှင့် ၇ တို့၌ ပြဋ္ဌာန်းထားသည်မှအပ

၁.၁ အောက်ဖော်ပြပါအကြောင်းများကြောင့် သဘာဝကျဆီလျော်စွာ အာမခံထားသည့်ပစ္စည်း ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လျော်ကြေးပေးပါသည်-

၁.၁.၁ မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲခြင်း

၁.၁.၂ ရေယာဉ် သို့မဟုတ် ယာဉ်(Craft) သောင်တင်ခြင်း (Stranded, grounded) နစ်မြုပ်ခြင်း သို့မဟုတ် မှောက်ခြင်း (Capsized)

၁.၁.၃ ကုန်တင်ယာဉ် တိမ်းမှောက်ခြင်း (Overturning) သို့မဟုတ် သံလမ်းချော်ခြင်း (derailment)

၁.၁.၄ ရေယာဉ်၊ ယာဉ် သို့မဟုတ် ကုန်တင်ယာဉ်သည် ရေမဟုတ်သော ပြင်ပပစ္စည်းတခုခုနှင့် တိုက်မိခြင်း သို့မဟုတ် ထိမိခြင်း

၁.၁.၅ ဒုက္ခရောက်သောဆိပ်ကမ်း (Port of distress)တွင် ကုန်ချရခြင်း

၁.၂ အာမခံထားရှိသောပစ္စည်းမှာ အောက်ပါများကြောင့်ဆုံးရှုံးခြင်း သို့မဟုတ် ပျက်စီးခြင်း

၁.၂.၁ General Average Sacrifice*

၁.၂.၂ ကုန်ပစ္စည်းကို သင်္ဘော ပေါ်မှ ရေထဲသို့ ပစ်ချရခြင်း

၂။ စည်းမျဉ်း ၄၊ ၅၊ ၆ နှင့် ၇ သို့မဟုတ် ဤအာမခံ၏ တနေရာရာတွင် ဖော်ပြထားသော အကြောင်းများအကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစုံတရာကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုကို ရှောင်ရှားရန်အတွက် သို့မဟုတ် ရှောင်ရှားရာ၌ ကုန်ကျခဲ့ရသော ကုန်တင်ခြင်း ပဋိညာဉ်နှင့် သို့မဟုတ် ဆောင်ရွက်နေကျ လွှမ်းမိုးသည့် ဥပဒေ နှင့်အညီ တွက်ချက်ထားသော သို့မဟုတ် သတ်မှတ်ထားသော general average သို့မဟုတ် ဆယ်တင်ခြင်း အတွက် စရိတ်စကကို ဤအာမခံက ပေးပါသည်။

*General average ကို မြန်မာပြန်ဆိုရန် ခက်သဖြင့် general average ဟုပင် ခေါ်ဝေါ်ပါမည်။

၃။ ကုန်တင်ခြင်းပဋိညာဉ်၏ (၂)ဦးစလုံး အပြစ်ရှိသည့်တိုက်မိခြင်း (Both to Blame Collision) စည်းမျဉ်းအရ အာမခံထားသူ၏ အချိုးကျတာဝန်ရှိခြင်းအတွက် ဤစည်းမျဉ်းနှင့်အညီ ရရှိထိုက်သော ဆုံးရှုံးမှုတရပ်ကဲ့သို့ပင် ဤအာမခံက အာမခံထားသူအား လျော်ကြေးပေးမည် ဖြစ်ပါသည်။ ဖော်ပြပါစည်းမျဉ်းအရ ယာဉ်ပိုင်ရှင်များက လျော်ကြေး တောင်းခံလာလျှင် အာမခံထားသူက အာမခံကုမ္ပဏီသို့ အကြောင်းကြားရန် သဘောတူညီသကဲ့သို့ အာမခံကုမ္ပဏီ၌လည်း မိမိ၏စရိတ်စကဖြင့် အာမခံထားသူအား ယင်းလျော်ကြေး တောင်းခံခြင်းမှ ကာကွယ်ရန် အခွင့်အရေး ရှိရမည်ဖြစ်သည်။

**ချန်လှပ်ထားခြင်းများ(လျော်ကြေးတွင် အကျုံးမဝင်ခြင်းများ Exclusions)**

၄။ မည်သည့်အခြေအနေတွင်မဆို ဤအာမခံက အောက်ပါများအတွက် လျော်ကြေးမပေးပါ-

၄.၁ အာမခံထားသူ၏ ဖွတ်တရွက် အပြုအမူ (Wilful misconduct) ကြောင့် ဖြစ်ပေါ်သောဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း

၄.၂ အာမခံထားသည့်ပစ္စည်းသာမန်ယိုစိမ့်ခြင်း၊ အလေးချိန် သို့မဟုတ် ပမာဏ သာမန်ယုတ်လျော့ခြင်း၊ သို့မဟုတ် သာမန်ပွန်းတီးခြင်း (Ordinary Wear and tear)

၄.၃ အာမခံထားသည့်ပစ္စည်းအား ထုတ်ပိုးရာတွင်လည်းကောင်း၊ ပြင်ဆင်ရာ၌လည်းကောင်း၊ ပြည့်စုံမှု သို့မဟုတ် သင့်တင့်လျောက်ပတ်မှုမရှိခြင်း (ဤ ၄.၃ စည်းမျဉ်းအလို့ငှာ ထုတ်ပိုးခြင်းဟု ဆိုရာတွင် ဤအာမခံမစတင်မီ အာမခံထားသူ သို့မဟုတ် ၎င်း၏အလုပ်သမားများက ကုန်သေတ္တာ သို့မဟုတ် မီးရထား ကုန်တင်တွဲတွင် ထားသိုခြင်းပါဝင်သည်ဟု မှတ်ယူရမည်။)

၄.၄ အာမခံထားသည့်ပစ္စည်း၏ သဘာဝအလျောက်ပျက်စီးခြင်း (inherent vice)၊ သဘော သဘာဝအရ ဖြစ်ပေါ်သော ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စက ကုန်ကျခြင်း

၄.၅ နှောင့်နှေးခြင်းသည် အာမခံထားရှိသော အန္တရာယ်တရပ်ကြောင့် ဖြစ်ပေါ်စေကာမူ ယင်းနှောင့်နှေးခြင်းက အဓိက ဖြစ်ပေါ်စေသည့်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စက ကုန်ကျခြင်း (အထက်ပါစည်းမျဉ်း ၂ အရ ပေးလျော်ရသော စရိတ်စကများမှအပ)



CALL CENTER 01-9010900

၄.၆ ရေယာဉ်ပိုင်ရှင်များ၊ မန်နေဂျာများ၊ ငှားရမ်းသူများ သို့မဟုတ် ရေယာဉ်ကို ကိုင်တွယ်မောင်းနှင်သူများ (Operators) တို့၏ လူမွဲအဖြစ်ခံယူမှု သို့မဟုတ် ငွေရေးကြေးရေးပျက်ကွက်မှု သို့မဟုတ် ငွေရေးကြေးရေး ပျက်ကွက်မှု (financial default) ကြောင့် ပေါ်ပေါက်လာသည့်ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း

၄.၇ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များ၏ မတရားအပြုအမူကြောင့် အာမခံထားရှိသောပစ္စည်း သို့မဟုတ် ယင်း၏ အစိတ်အပိုင်းတစ်ခုခုအား တမင်တကာ ပျက်စီးစေခြင်း သို့မဟုတ် တမင်တကာ ဖျက်ဆီးခြင်း

၄.၈ အနုမြူကွဲပွားခြင်း(fission)နှင့် သို့မဟုတ် ပေါင်းစပ်ခြင်း(fusion) သို့မဟုတ် အခြားအလားတူ တုံ့ပြန်ခြင်း သို့မဟုတ် ရေဒီယိုသတ္တိကြွသောအင်အား သို့မဟုတ် ပစ္စည်းကို အသုံးပြုသော မည်သည့် စစ်လက်နက်ကိုမဆိုအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စကကုန်ကျခြင်း

၅။ ၅.၁ အကယ်၍ အာမခံထားသူ သို့မဟုတ် ၎င်း၏အလုပ်သမားများက အာမခံထားသည့်ပစ္စည်းအား ရေယာဉ်၊ ယာဉ်၊ သယ်ဆောင်ယာဉ်၊ ကုန်သေတ္တာ သို့မဟုတ် မီးရထားကုန်တင်တွဲပေါ်သို့ တင်ဆောင်ချိန်တွင် ယင်းရေယာဉ်၊ ယာဉ်၏ ပင်လယ်တွင်သွားလာရန် မဖြစ်နိုင်ခြင်း (unseaworthiness) သို့မဟုတ် ဖော်ပြပါ ယာဉ်အားလုံးသည် အာမခံထားသည့်ပစ္စည်းအား အန္တရာယ်ကင်းရှင်းစွာ သယ်ဆောင်နိုင်ရန် မသင့်တော် ခြင်း (unfitness) ကိုသိရှိထားလျှင်- အောက်ပါများအကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းသို့မဟုတ် စရိတ်စက ကုန်ကျခြင်း အတွက် ဤအာမခံက လျော်ကြေးမပေးပါ-

ရေယာဉ်၊ ယာဉ်၏ ပင်လယ်တွင် သွားလာရန် မဖြစ်နိုင်ခြင်း၊ အထက်ဖော်ပြပါ ယာဉ်အားလုံးသည် အာမခံထားသည့် ပစ္စည်းအား အန္တရာယ် ကင်းရှင်းစွာ သယ်ဆောင်ရန် မသင့်တော်ခြင်း။

၅.၂ အကယ်၍ အာမခံထားသူ သို့မဟုတ် ၎င်း၏ အလုပ်သမားများက သင်္ဘော၏ ပင်လယ်တွင် သွားလာနိုင်ခြင်းနှင့် အာမခံထားသည့်ပစ္စည်းကို ခရီးဆုံးသို့ ပို့ဆောင်ရန် သင့်တော်ခြင်းဟူသော သွယ်ဝိုက်ဝရမ်တီ များ(warranties)ကို မသိရှိလျှင် ယင်းဝရမ်တီများအား မည်ကဲ့သို့ ဖောက်ဖျက်ခြင်းကိုမဆို အာမခံကုမ္ပဏီ က စွန့်လွှတ် (waive)သည်။ (လျော်ကြေးပေးမည်)

၆။ မည်သည့်အခြေအနေတွင်မဆို အောက်ပါများက ဖြစ်ပေါ်စေသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် စရိတ်စက ကုန်ကျခြင်း အတွက် ဤအာမခံက လျော်ကြေးမပေးပါ-

၆.၁ စစ်၊ ပြည်တွင်းစစ်၊ တော်လှန်ရေး၊ သူပုန်ထခြင်း၊ သောင်းကျန်းမှု သို့မဟုတ် ယင်းတို့က ဖြစ်ပေါ်စေသည့် ပြည်တွင်း ပဋိပက္ခ(ခိုက်ရန်ဒေါသ)သို့မဟုတ် စစ်မက်ဖက်ပြိုင်သူ တစ်ဦး၏ သို့မဟုတ် တစ်ဦးသို့ ဆန့်ကျင်သောအပြုအမူ

၆.၂ ဖမ်းဆီးခြင်း (capture)၊ သိမ်းယူခြင်း (seizure)၊ ဖမ်းဆီးခြင်း (arrest) ချုပ်ချယ်ထားခြင်း (restraint) သို့မဟုတ် ထိန်းသိမ်းထားခြင်း (detainment)နှင့် ယင်းတို့၏ အကျိုးဆက်များ သို့မဟုတ် ယင်းတို့ကို ပြုလုပ်ရန် မည်သည့် ကြိုးပမ်းခြင်းကိုမဆို

၆.၃ စွန့်ပစ်ထားသော မိုင်းဗုံးများ၊ တော်ပီဒိုများ၊ ဗုံးများ သို့မဟုတ် အခြားစွန့်ပစ်ထားသည့် စစ်လက်နက်များ

၇။ မည်သည့်အခြေအနေတွင်မဆိုအောက်ပါ ပုဂ္ဂိုလ်များအပြုအမူများနှင့် လုပ်ရှားဆောင်ရွက်မှုများကြောင့် ပေါ်ပေါက်လာသည့် ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း နှင့် စရိတ်စက ကုန်ကျခြင်းအတွက် ဤအာမခံက လျော်ကြေးမပေးပါ။

၇.၁ သပိတ်မှောက်သူများ၊ စက်ရုံ/အလုပ်ရုံပိတ်ထား၍ ဝင်ခွင့်မရသည့် အလုပ်သမားများ၊ သို့မဟုတ် အလုပ်သမား မငြိမ်သက်မှုများ၊ အဓိကရုန်းများ သို့မဟုတ် ပြည်တွင်းဆူပူသောင်းကျန်းမှုများ၌ ပါဝင်လှုပ်ရှားသူများ

၇.၂ သပိတ်မှောက်ခြင်းများ၊ စက်ရုံ/အလုပ်ရုံ ပိတ်ထားခြင်းများ၊ အလုပ်သမား မငြိမ်မသက်မှုများ၊ အဓိကရုဏ်းများ သို့မဟုတ် ပြည်တွင်းဆူပူသောင်းကျန်းမှုများ

၇.၃ နိုင်ငံရေးရည်ရွယ်ချက်တစ်ခုအတွက် လှုပ်ရှားသောပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အကြမ်းဖက်သမား တစ်ဦးဦး

**အာမခံသည့်ကာလ**

၈။ ၈.၁ ဤတွင် အမည်ဖော်ပြထားသော ဒေသရှိ ကုန်လှောင်ရုံ သို့မဟုတ် ကုန်လှောင်သည့်နေရာမှ ခရီးစရန်အတွက် ကုန်ပစ္စည်းများ စတင်ထွက်ခွာသော အချိန်မှစ၍ ဤအာမခံစတင်ကာ သာမန်ခရီး တလျှောက်လုံးတွင် ဤအာမခံ ဆက်လက်တည်မြဲနေပြီး

၈.၁.၁ ဤတွင် အမည်ဖော်ပြထားသည့် ခရီးဆုံးရှိ ကုန်ပစ္စည်းတင်ပို့ခြင်းခံရသူများ၏ သိုလှောင်ရုံ သို့မဟုတ် အခြား နောက်ဆုံးကုန်လှောင်ရုံ သို့မဟုတ် ကုန်သိုလှောင်သောနေရာ၌ ကုန်ပစ္စည်းများအား လွှဲပြောင်းပေးခြင်း

၈.၁.၂ ဤတွင်အမည်ဖော်ပြထားသော ခရီးဆုံးရှိ သို့မဟုတ် ယင်းမတိုင်မီ အာမခံထားသူက သာမန် ခရီးဆက်ရန် အတွက် မဟုတ်ဘဲ


CALL CENTER 01-9010900

၈.၁.၂.၁ သိုလှောင်ရန်အတွက် သို့မဟုတ်

၈.၁.၂.၂ ကုန်ပစ္စည်းများကို ခွဲဝေ (allocation)ရန် သို့မဟုတ် ဖြန့်ချီရန်အတွက် အခြား ကုန်လှောင်ရုံ တခုခု သို့မဟုတ် ကုန်သိုလှောင်သည့်နေရာ၌ ကုန်ပစ္စည်းများကို လွှဲပြောင်းပေးခြင်း သို့မဟုတ်

၈.၁.၃ ကုန်ပစ္စည်းများကိုချသည့် နောက်ဆုံးဆိပ်ကမ်း၌ အာမခံထားရှိသည့် ကုန်ပစ္စည်းများအား ပင်လယ်ရပ်ခြား ရေယာဉ် ပေါ်မှချခြင်း ပြီးစီးပြီး နောက်ရက်ပေါင်း (၆၀) ကုန်ဆုံးခြင်း

ၾင်းတို့အနက် ပထမဦးဆုံးဖြစ်သည့် အကြောင်းအရာတွင် အာမခံထားရှိသည့်ကာလ ကုန်ဆုံးသည်။

၈.၂ ကုန်ပစ္စည်းများကိုချသည့် နောက်ဆုံးဆိပ်ကမ်း၌ ပင်လယ်ရပ်ခြားသင်္ဘောပေါ်မှ ချပြီးဖြစ်သော်လည်း အာမခံ သက်တမ်း မကုန်ဆုံးသေးသော ကုန်ပစ္စည်းများအား အာမခံထားရှိသည့် ခရီးတစ်ခုမဟုတ်ဘဲ အခြား ခရီးတစ်ခုသို့ ဆက်လက်ပို့ဆောင်ရန်ဖြစ်ပါက အာမခံသက်တမ်း မကုန်ဆုံးသေးစေကာမူ အဆိုပါခရီးအတွက် စတင်ထွက်ခွာခြင်း ထက်ကျော်လွန်၍ (beyond the commencement of transit) ဤအာမခံက အာမမခံပါ။

၈.၃ (အထက်၌ ဖော်ပြထားသည့် အာမခံသက်တမ်းကုန်ဆုံးခြင်းနှင့် အောက်ပါစည်းမျဉ်း ၉ ၏ ပြဋ္ဌာန်းချက်များ အား မဆန့်ကျင်ဘဲ) အာမခံထားရှိသူက မည်သို့မျှမတတ်နိုင်သော ကြန့်ကြာမှု၊ လမ်းရိုးလမ်းစဉ်မှ သွေဖီခြင်း တစ်ခုခု၊ ကုန်ပစ္စည်းများကို အတင်းအကြပ် ချစေခြင်း၊ ကုန်ပစ္စည်းများကို ပြန်လည်တင်ပို့ခြင်း (reshipment)၊ ကုန်ပစ္စည်း များကို တဆင့်တင်ပို့ခြင်း (transshipment) တို့နှင့် ကုန်တင်ခြင်း ပဋိညာဉ်က ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်ကို သင်္ဘောပိုင်ရှင်များ သို့မဟုတ် သင်္ဘောငှားရမ်းသူများက အသုံးပြုကာ ခရီးစဉ် အပြောင်းအလဲအမျိုးမျိုး (variation of adventure) တို့တွင်လည်း ဤအာမခံသည် မပျက်ကွက်ဘဲ တည်မြဲလျက်ရှိသည်။

၉။ အကယ်၍အာမခံထားသူက မည်သို့မျှမတတ်နိုင်သောအခြေအနေအရပ်ရပ်ကြောင့် အမည်ဖော်ပြထားသောခရီး မဟုတ်ဘဲ ဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခုတွင် ကုန်တင်ခြင်း ပဋိညာဉ်ရပ်ဆိုင်းသွားလျှင်သော်လည်းကောင်း၊ အထက်ပါ စည်းမျဉ်း (၈) နှင့်အညီ ကုန်ပစ္စည်းများမချသေးမီ ခရီးရပ်ဆိုင်းသွားလျှင်သော်လည်းကောင်း၊ ဤအာမခံလည်း ရပ်ဆိုင်းမည် ဖြစ်သည်။ သို့ရာတွင် အာမခံကုမ္ပဏီ သို့ ချက်ချင်းအကြောင်းကြားပြီး အာမခံသက်တမ်းဆက်ရန် မေတ္တာရပ်ခံကာ အာမခံကုမ္ပဏီကတောင်းဆိုလျှင် အပိုပရီမီယံပေးပါက အာမခံသည် အောက်ပါ အခြေအနေတစ်ခုခု တိုင်အောင် တည်မြဲမည် ဖြစ်ပါသည်-

၉.၁ ဆိပ်ကမ်း သို့မဟုတ် ဒေသတစ်ခုတွင် ကုန်ပစ္စည်းများကို ရောင်းချကာ လက်လွှဲပေးအပ်ခြင်း သို့မဟုတ် အခြားနည်း ဖြင့် အထူးသဘောတူညီမှုမရှိလျှင် အာမခံထားရှိသော ကုန်ပစ္စည်းများ ထိုဆိပ်ကမ်း သို့မဟုတ် ဒေသသို့ ရောက်ရှိပြီး နောက်ရက်ပေါင်း (၆၀) ကုန်ဆုံးသွားခြင်း၊ ၎င်း(၂)မျိုးအနက် ဦးစွာ ဖြစ်ပေါ်ခြင်း

**သို့မဟုတ်**

၉.၂ အကယ်၍ ကုန်ပစ္စည်းများကို ဖော်ပြပါ ရက်ပေါင်း(၆၀) (သို့မဟုတ် သဘောတူထားသည့် တိုးပေးသော ရက်များ) အတွင်း ဤတွင် အမည်ဖော်ပြထားသည့် ခရီးသို့မဟုတ်ဘဲ အခြားခရီးသို့ ပေးပို့ရာတွင် အထက်ပါ စည်းမျဉ်း(၈)၏ ပြဋ္ဌာန်းချက်များနှင့်အညီ သက်တမ်းကုန်ဆုံးသွားခြင်း

၁၀။ ဤအာမခံစတင်ပြီးနောက် အာမခံထားသူက ခရီးပြောင်းလွှဲလျှင် အာမခံကုမ္ပဏီသို့ ချက်ချင်း အကြောင်းကြားပြီး အပိုပရီမီယံ နှင့် စည်းမျဉ်းများကို သတ်မှတ်ခြင်းအားဖြင့် အာမခံကို ဆက်လက်တည်မြဲစေနိုင်သည်။

**လျော်ကြေးများ**

၁၁။ ၁၁.၁ ဤအာမခံအရ လျော်ကြေးရရှိနိုင်ရန် အလို့ငှာ အာမခံထားသူသည် အာမခံထားသည့် ပစ္စည်းဆုံးရှုံးချိန်တွင် ၎င်းပစ္စည်းပေါ်၌ အာမခံထားရှိနိုင်သော သက်ဆိုင်ပတ်သက်မှု (insurable interest) ရှိရမည်။

၁၁.၂ အာမခံထားသူက အာမခံထားသည့် ပစ္စည်းဆုံးရှုံးမှုကို မသိရှိဘဲ အာမခံကုမ္ပဏီက သိရှိထားလျှင် ယင်းဆုံးရှုံးမှုသည် အာမခံပဋိညာဉ် မပြုလုပ်ရသေးမီ ဖြစ်ပေါ်ခဲ့စေကာမူ ဤအာမခံက တာဝန်ယူသည့် ကာလအတွင်း ဖြစ်ပေါ်ခဲ့သော ယင်းဆုံးရှုံးမှုကို အထက်ပါ (၁၁.၁) ကို မဆန့်ကျင်ဘဲ အာမခံထားသူက ရရှိပိုင်ခွင့် ရှိရမည်။

၁၂။ ဤအာမခံက တာဝန်ယူသော အန္တရာယ်တရပ်၏ ပရောဂကြောင့်အာမခံထားရှိသည့် ပစ္စည်းကို ပို့ဆောင်ရမည့် ဆိပ်ကမ်း သို့မဟုတ် ဒေသမဟုတ်ဘဲ တခြားဆိပ်ကမ်း သို့မဟုတ် ဒေသတွင် အာမခံထားရှိသောခရီးကို ရပ်ဆိုင်းလိုက်ရပါက အာမခံထားရှိသည့် ပစ္စည်းအား သင်္ဘောပေါ်မှချရခြင်း၊ သိုလှောင်ရခြင်း အာမခံထားရှိသော ခရီးဆုံးသို့ ဆက်လက်ပို့ဆောင်ရခြင်း တို့အတွက် သဘာဝကျ ဆီလျော်စွာနှင့်စနစ်တကျ ကုန်ကျခဲ့ရသည့် မည်သည့် အပိုစရိတ်စကကိုမဆို အာမခံကုမ္ပဏီက အာမခံထားသူအား ပေးမည်ဖြစ်သည်။ General Average သို့မဟုတ် ဆယ်ယူခများကို တာဝန်မယူသည့် ဤစည်းမျဉ်း (၁၂) သည် အထက်ပါစည်းမျဉ်း (၄၊ ၅၊ ၆ နှင့် ၇)တို့၌ ပါဝင်သော ချန်လှပ်ထားခြင်းများ (Exclusions) အတွက် တာဝန်မရှိသကဲ့သို့ အာမခံထားသူ သို့မဟုတ် ၎င်းအလုပ်သမားများ၏



CALL CENTER 01-9010900

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

အပြစ်ပေါ့လျော့ခြင်း၊ လူမွဲအဖြစ်ခံယူခြင်း သို့မဟုတ် ငွေရေးကြေးရေး ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာသော စရိတ်စက များကိုလည်း တာဝန်မယူပါ။

၁၃။ အကယ်၍ အာမခံထားရှိသော ပစ္စည်းသည်အကယ်အစစ် လုံးဝဆုံးရှုံးမှု (actual total loss) ဖြစ်ပေါ်ခြင်းမှ ရှောင်လွှဲ၍ မရနိုင်လောက်အောင် ပေါ်လွင်ထင်ရှားနေသည်ဖြစ်၍လည်းကောင်း၊ သို့မဟုတ် အာမခံထားရှိသည့် ပစ္စည်းကို ပြန်လည် ပြုပြင်ခြင်းနှင့် ခရီးသို့ဆက်လက်ပို့ဆောင်ခြင်းတို့အတွက် ကုန်ကျမည့်စရိတ်စကသည် ထိုသို့ ရောက်ရှိမည့်တန်ဘိုးထက် ပိုမိုနေမည်ဖြစ်၍လည်းကောင်း အာမခံထားသည့်ပစ္စည်းကို သဘာဝကျဆီလျော်စွာ မစွန့်လွှတ်လျှင် ပြင်ဆင်လုံးဝဆုံးရှုံးမှု (constructive total loss)အတွက် လျော်ကြေးရရှိနိုင်လိမ့်မည် မဟုတ်ပါ။

၁၄။ ၁၄.၁ အကယ်၍ အာမခံထားရှိသော ကုန်ပစ္စည်းကို အာမခံထားသူက တိုးမြှင့်တန်ဘိုးအာမခံ (increased value insurance) တခုခုဖြင့် အာမခံထားရှိခဲ့လျှင် သဘောတူထားခဲ့သည့် ကုန်ပစ္စည်းတန်ဘိုးသည် ဤအာမခံ ဖြင့် အာမခံထားရှိခဲ့သော စုစုပေါင်းတန်ဘိုးနှင့် ဆုံးရှုံးမှုကို အာမခံသည့် တိုးမြှင့်တန်ဘိုးအာမခံ အားလုံး (၂)မျိုးပေါင်းအထိ တိုးမြှင့်သွားသည်ဟု မှတ်ယူရမည်။ ဤအာမခံအရ တာဝန်ရှိမှုသည် ဤအာမခံနှင့် စုစုပေါင်းအာမခံတန်ဘိုးတို့၏ အချိုးအတိုင်း ဖြစ်စေရမည်။ လျော်ကြေးတောင်းခံလျှင် အာမခံထားသူသည် အခြားထားရှိသော အာမခံအားလုံး၏ တန်ဘိုးများကို အထောက်အထားများနှင့်တကွ အာမခံကုမ္ပဏီသို့ ပေးပို့ရမည်။

၁.၄.၂ အကယ်၍ ဤအာမခံကို တိုးမြှင့်တန်ဘိုးအမျိုးအစားဖြင့်ထားရှိလျှင် အောက်ပါစည်းမျဉ်းကို လိုက်နာရမည်-

"ကုန်ပစ္စည်း၏ သဘောတူထားသည့် တန်ဘိုးသည် မူလအာမခံဖြင့် အာမခံထားရှိသော စုစုပေါင်းတန်ဘိုး နှင့် အာမခံထားသူက ကုန်ပစ္စည်းကို အာမခံထားသည့် ဆုံးရှုံးမှုကို အာမခံသော တိုးမြှင့်တန်ဘိုးအာမခံ အားလုံးတို့နှင့် တူညီသည်ဟု မှတ်ယူရမည်။ ဤအာမခံအရ တာဝန်ရှိခြင်းသည် ဤအာမခံတန်ဘိုးနှင့် ဖော်ပြပါ အာမခံတန်ဘိုး စုစုပေါင်းတို့၏ အချိုးအတိုင်း ဖြစ်စေရမည်။

လျော်ကြေးတောင်းခံလျှင် အာမခံထားသူသည် အခြားထားရှိသော အာမခံအားလုံး၏ တန်ဘိုးများကို အထောက် အထားများနှင့်တကွ အာမခံကုမ္ပဏီသို့ ပေးပို့ရမည်။

**အာမခံ၏အကျိုးရှိခြင်း**

၁၅။ ဤအာမခံသည် သယ်ဆောင်သည့်ယာဉ်(ပိုင်ရှင်) သို့မဟုတ် ခေတ္တအပ်နှံခံရသူ (bailee)၏ အကျိုးအတွက် မဖြစ်စေရ။

**ဆုံးရှုံးမှုများအားလျော့နည်းစေခြင်း**

၁၆။ အာမခံထားသူ၊ ၎င်း၏အလုပ်သမားများနှင့် ကိုယ်စားလှယ်များ၏ တာဝန်မှာ ဤအာမခံအရ ရရှိနိုင်သောဆုံးရှုံးမှုနှင့်စပ်လျဉ်း၍

၁၆.၁ ယင်းဆုံးရှုံးမှုမဖြစ်ပေါ်စေရန် သို့မဟုတ် လျော့နည်းသွားစေရန်အတွက် သဘာဝကျဆီလျှော်သော လုပ်ရပ်များကို လုပ်ဆောင်ရန်နှင့်

၁၆.၂ သယ်ဆောင်သည့်ယာဉ်ပိုင်ရှင်များ၊ ခေတ္တအပ်နှံခံရသူများ (bailees)နှင့် သူတပါးများထံမှ ရရှိနိုင်သည့် အခွင့်အရေး များကို မလွဲမသွေ စနစ်တကျ ထိန်းသိမ်းပြီးရယူနိုင်စေရန်ဖြစ်သည်။ အာမခံကုမ္ပဏီက ဤအာမခံအရ ရရှိနိုင်သော ဆုံးရှုံးမှုအပြင် ဖော်ပြပါတာဝန်များကို ထမ်းဆောင်ရာတွင် စနစ်တကျ သဘာဝကျ ဆီလျှော်စွာ ကုန်ကျခဲ့ရသည့် စရိတ်စကများကိုပါ အာမခံထားသူသို့ ပြန်ပေးမည်ဖြစ်သည်။

၁၇။ အာမခံထားသည့်ပစ္စည်းအား ကယ်ဆယ်ရန်(saving)၊ ကာကွယ်ရန်နှင့် ပြန်လည်ရရှိရန် ဟူသော ရည်ရွယ်ချက်ဖြင့် အာမခံ ထားသူနှင့် အာမခံကုမ္ပဏီတို့၏ စွမ်းဆောင်ချက်များကို ရပိုင်ခွင့်ကို မယူတော့ခြင်း (abandonment)အား စွန့်လွှတ်သည် (waiver) သို့မဟုတ် လက်ခံသည် (acceptance)ဟု မမှတ်ယူရမည့်အပြင် တစ်ဦးဦး ၏ အခွင့်အရေးများကိုလည်း တနည်းနည်း ဖြင့် မထိခိုက်စေရ။

**ကြန့်ကြာမှုကိုရှောင်ရှားခြင်း**

၁၈။ အာမခံထားသူသည် မည်သည့်အခြေအနေတွင်မဆို မိမိတတ်နိုင်သရွေ့ သွက်လက်လျှင်မြန်စွာလုပ်ရှား ဆောင်ရွက်ရမည် ဟူသည်မှာ ဤအာမခံ၏ စည်းမျဉ်းတစ်ရပ်ဖြစ်သည်။

**ဥပဒေနှင့်လုပ်ထုံးလုပ်နည်း**

၁၉။ ဤအာမခံသည် အင်္ဂလိပ်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းကို လိုက်နာရမည်။



CALL CENTER 01-9010900

FIRST NATIONAL INSURANCE
ASSURING PEACE OF MIND, THE ESSENCE OF LIFE

# “သတိပြုရန်”

အာမခံထားသူများ ပေါ်လစီစည်းကမ်းချက်များကို နားလည်ရှင်းလင်းစေရန် မြန်မာဘာသာ ပြန်ဆိုပေးထားခြင်း ဖြစ်ပါသည်။ လျော်ကြေးနှင့်ပတ်သက်၍ အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အာမခံကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုထားသော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Policy Terms and Conditions ပါ ပြဋ္ဌာန်းချက်များအတိုင်းသာ ဖြစ်ပါသည်။

အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော Policy Terms and Conditions များအား သိရှိလိုပါက FNI ၏ Website ဖြစ်သော www.fnigeneral.com တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



CALL CENTER 01-9010900